## ရုရှား အစ္စလာမ်သာသနာ

ရုရှားနိုင်ငံသို့လည်း အစ္စလာမ်သာသနာသည် အစ္စလာမ်သာသနာပေါ်ပြီး များမကြာမီကပင် ရောက်ရှိလာခဲ့ပေသည်။ အစ္စလာမ်တို့၏ အလွန်ကျော်ကြားသော ဟဒီးသ် သမိုင်းကျမ်းကို ပြုစုသည့် ဘိုခါရီ မှာ ရုရှနိုင်ငံ ဘိုခါရက် မြို့သား ဖြစ်ပေသည်။ အထူးသဖြင့် ၁၉ ရာစုနှောင်းပိုင်းတွင် ရုရှား ဇာဘုရင်၏ သိမ်းသွင်းမှုအောက်၌ မူဆလင်ဒေသများ များစွာမှာ ရုရှ အင်ပါယာ အတွင်း၌ ပါဝင်ခဲ့ပေသည်။

ဖိနှိပ်ခံရမှုများရှိသော်လည်း အင်ပါယာ တစ်ခုအတွင်း အတူနေထိုင်မှုများကြောင့် အစ္စလာမ် သာသနာဝင်များမှာ အင်ပါယာ အတွင်း ပြန့်နှံ့စွာ နေထိုင်ခွင့် ရခဲ့ပေသည်။ ထို့နောက် ၂၀ ရာစု ဆန်းစ (၁၉၁၇)တွင် ရုရှပြည်၌ ကွန်မြူနစ်အစိုးရ တက်လာသောအခါ၊ ဘာသာတရား နှိပ်ကွပ်မှုများအောက်၌ အစ္စလာမ် သာသနာသည်လည်း အထိအနာဆုံး သာသနာတစ်ခုမှ ဖြစ်ခဲ့ပေသည်။ သာသနိက အဆောက်အအုံများကို ဖျက်ဆီးခံရခြင်း၊ အစ္စလာမ် သာသနာ ပညာတတ်များကို ဦးနှောက် မွန်းမံမှု ပြုလုပ်ရန် စိတ္တဇဆေးရုံသို့ပို့ခြင်း၊ နယ်နှင်ဒဏ်ပေးခြင်း စသည့် အကြောင်းမျိုးစုံပြ နှိပ်ကွပ်ခဲ့ပေသည်။ သို့ဖြင့် ၁၉၂၄ ခုနှစ်တွင် ရုရှားရှိ မူဆလင် ဒေသများသို့ ကြိုးနီစနစ်ဖြင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ထားသောကြောင့် ရုရှား မူဆလင်များသည် ပြင်ပ မူဆလင် ကမ္ဘာနှင့် အဆက်ပြတ်သွားခဲ့ရပေသည်။ ထို့နောက်ပိုင်း မျိုးဆက်များမှ အများစုမှာ မိမိကိုယ်မိမိ မူဆလင် ဖြစ်သည် ဟူ၍ပင် သိနိုင်ခွင့် နည်းပါးလာခဲ့ပေသည်။

သို့သော် ၁၉၇၉ မှ ၁၉၈၉ ရုရှားအင်ပါယာ၏ အာဖဂန်သို့ ကျူးကျော် စစ်ပွဲအတွင်းတွင် ရုရှားစစ်သားများသည် အာဖဂန်သို့ တိုက်ခိုက်ရင်း၊ မူဆလင်တို့၏ ကျမ်းစာများ၊ ဘာသာရေးအသုံးအနှုန်းများကို ကြားခွင့်ရပြီး သူတို့၏ ဘိုးဘွားများ ကိုးကွယ်ခဲ့သည့် သာသနာတစ်ခု ဖြစ်သည်ဟု သိခွင့်ရခဲ့ရာမှ အစ္စလာမ်သာသနာသည် ရုရှားပြည်တွင် အတွင်းလှိုက်စား လာခဲ့၍။ ၁၉၈၉ ခုနှစ်တွင် အဇာဘိုင်ဂျန်တွင် ဘာသာရေး အုံကြွမှုကြီး ဖြစ်လာခဲ့လေတော့သည်။ ထိုမှ တစ်စစဖြင့် ၁၉၉၀ ခုနှစ်တွင် ရုရှား အင်ပါယာကြီး ပြိုကွဲရလေတော့သည်။

၁၉၉၀ တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲသောအခါတွင် ဥဇဘက်ကစ္စတန်၊ တာခ်ဂျစ်ကစ္စတန် ... 

သို့သော် ရုရှနိုင်ငံတွင် မူဆလင်တို့အား ဖိနှိပ်ချုပ်ချယ်မှုမှာ အဆုံးသတ်သွားခြင်း မရှိသေးချေ၊ ချေချင်းညာ ကဲ့သို့ ခွဲထွက်ရေး လိုသော ပြည်နယ်များနှင့် ခွဲထွက်ရေးသမားများကို အကြောင်းပြကာ မူဆလင်ဆိုသည်မှာ အကြမ်းဖက် သောင်းကျန်းသူ ဟု ထင်မြင်စေရန် ရုရှ ရုပ်မြင်သံကြားမှ စီမံချက်ဖြင့် ထုတ်လွှင့်လျှက် ရှိနေပေသည်။

သမ္မတပူတင်၏ လက်ထက်တွင် တိုးပွားလာနေသော မူဆလင်များထက် လူဦးရေ ဖုံးလွှမ်းနိုင်ရန် အတွက် ရုရှားမှ မူဆလင် မဟုတ်သူများကို ကလေးများများ ယူရန်နှင့် အစ္စလာမ်သာသနာကို ကိုးကွယ်သည့် တိုင်းရင်းသား မျိုးနွယ်စုများမှ မိဘမဲ့ ကလေးများကို မူဆလင်မဟုတ်သည့် ရုရှားလူမျိုးများမှ မွေးစားကြရန် တရားဝင်လှုံ့ဆော်ခဲ့၍၊ ပထမ ကလေးအတွက် ရုရှား ရူဘယ်ငွေ ၁၅၀၀၊ ဒုတိယ ကလေး အတွက် ရူဘယ်ငွေ ၃၀၀၀ စီ အစိုးရမှ ပေးရန် ကမ်းလှမ်းခဲ့ပေသည်။

သို့သော် ရုရှားရှိ မူဆလင် ဘာသာရေး ခေါင်းဆောင်များသည် ပညာထူးချွန်စွာ တတ်မြောက်ခြင်း၊ ဘာသာစကား များစွာကို ကျွမ်းကျင်လိမ္မာ ပီသစွာ ပြောနိုင်ခြင်း၊ သပ်ယပ်ပြေပြစ်သော အဝတ်အစားများကို ဝတ်ဆင်၍ မုတ်ဆိတ်မရှိခြင်းကြောင့် လူတန်းစား ခွဲခြားရ ခက်ခဲခြင်း တိုင်းရင်းသားဒေသများအကြား ထိုးဖေါက်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများကို ကူညီဖြေရှင်း ပေးနိုင်ခြင်း စသော အားသာချက်များနှင့် ပြိုကျလုနီးနီး ရုရှား၏ စီးပွားရေးအား ပြန်လည်ခေါင်းမော့လာနိုင်ရန် ရုရှအစိုးရသည် မူဆလင် ကမ္ဘာနှင့် ဆက်ဆံရေး ပြေလည်လိုခြင်းကြောင့် မြို့ပေါ်နေ မူဆလင်တို့အား လူသိရှင်ကြား မနှိပ်ကွပ်နိုင်ခြင်း များကြောင့် ၂၀၀၈ ခုနှစ်တွင် ရုရှား မူဆလင် လူဦးရေမှာ တစ်နေ့တခြား တိုးပွားလာပြီး ရုရှား လူဦးရေ ၁၄၃ သန်း၏ ၄၀ ရာနှုန်းမှာ အစ္စလာမ် သာသနာဝင်များ ဖြစ်လာခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ရုရှားတွင် လွန်ခဲ့သော ၁၅ နှစ်က အစ္စလာမ်ဝတ်ပြုကျောင်းဆောင် (ဗလီ) ၃၀၀ ခန့်သာ ရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဝတ်ပြုဆောင်ပေါင်း ၈၀၀၀ ထိဖြစ်လာပြီး၊ ၂၀၁၅ တွင် ၂၅၀၀၀ ထိ ဖြစ်လာမည် ဖြစ်သည်။ လူမှုဗေဒဆိုင်ရာ ပညာရှင်များ၏ တွက်ချက်မှုအရ နောင် ဆယ်စုနှစ် ၂ ခုအတွင်း ရုရှားသည် မူဆလင် လူများစု နိုင်ငံဖြစ်လာမည် ဟု ဖြစ်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com